ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
တနင်္ဂနွေစာစောင်၊ နံပတ် (၇၀)

နေ့စွဲ – ၁၃. ၃. ၂၀၁၁

## ခရစ်တော်၏ဇာတိနှစ်ခုတို့ညီညွတ်နေခြင်းအကြောင်း

(The Union of Christ's Two Natures)

လူ့ဇာတိခံယူတော်မူခြင်း၏အံ့ဩစရာနက်နဲမှုအကြောင်းမှာ ကျွန်တော်တို့၏သခင်သည် စစ်မှန်သောဘုရားဖြစ်သလို၊ စစ်မှန်သောလူသားလည်းဖြစ်ပါသည်ဆိုခြင်းတွင် သိပ်မဟုတ်ပါ၊ သူသည် ထိုနှစ်မျိုးလုံးဖြစ်သည်ဆိုသည့်အချက်တွင်ဖြစ်ပါသည်။ ၁တိ ၃း၁၆ အရ ဘုရားသခင် အသွေးအသားဖြင့်ပေါ်လာခြင်းသည် "ဘုရားဖြစ်ခြင်း၏နက်နဲမှု"ဖြစ်ပါသည်။ ထိုအကြောင်းအရာသည် နက်နဲခြင်းဖြစ်သဖြင့် ကျွန်တော်တို့ ပြည့်စုံစွာ နားလည်နိုင်မည်မဟုတ်ပါ။

သို့သော် ခရစ်တော်၏ဇာတိနှစ်မျိုးသည် တဦးတည်းသောပုဂ္ဂိုလ်၌မည်သို့မည်ပုံ ညီညွတ်စွာရှိနေသည်ကို နားလည်နိုင်ဖို့ နိုင်းယှဉ်ခြင်းဖြင့် ပြော၍တော့ရပါမည်။ ထိုနှိုင်းယှဉ်ချက်များသည် မပြည့်စုံကြပါ၊ သို့သော် ရီဖေါမ့်သီအိုလောဂျီပညာရှင် ချားလ်ဟော့ဂ်ျပြောသလို၊ "ယုံကြည်ခြင်းကို အားပေးဖို့ မယုံခြင်းကို ဆူဖို့ ဥပမာပေးနိုင်စရာအလုံအလောက်တော့ရှိနေပါသည်"ဟု ပြောရပါမည်။

အကောင်းဆုံးဥပမာမှာ ကိုယ်ခန္ဓာနှင့်ဝိညာဉ်တို့၏ ညီညွတ်စွာရှိနေခြင်းဖြစ်ပါသည်။ အာသန်နေးစီးယန်းခံ ယူယုံကြည်ချက်(အေဒီ၃၀၀၀န်းကျင်)ကပင် ထိုနှိုင်းယှဉ်ချက်ကို အသုံးပြုထားပါသည်၊ "တွေးခေါ်မျှော်မြင်နိုင်သောဝိ ညာဉ်နှင့်ခန္ဓာတို့သည် လူတဦးဖြစ်သလို၊ ဘုရားနှင့်လူသည် ခရစ်တော်၌ တစ်ဖြစ်ပါသည်။"

ထိုနှိုင်းယှဉ်ချက်သည် ခရစ်တော်၏ဇာတိနှစ်မျိုးတို့ညီညွတ်နေခြင်းတွင် အောက်ပါအချက်များ၌ တူညီကြပါသည်။

ပထမအနေနှင့်၊ ခန္ဓာနှင့်ဝိညာဉ်သည် လူထဲရှိ နှစ်ခုသောအခြေခံဖြစ်သလို – တခုသည် ရုပ်ဝတ္ထုဖြစ်သည်၊ နောက်တခုမှာ ရုပ်ဝတ္ထုမဟုတ်သောအရာဖြစ်သည် – ခရစ်တော်၏ဇာတိနှစ်ခုလည်းဖြစ်ပါသည်၊ – တခုသည် အကန့်အသတ်နှင့်ဖြစ်သည်၊ ဖန်ဆင်းခံဖြစ်သည်၊ နောက်တခုမှာ အကန့်အသတ်မဲ့ဖြစ်သည်၊ ဘုရားသခင်ဖြစ်သည်။

ဒုတိယအနေနှင့် ဝိညာဉ်နှင့်ခန္ဓာသည် လူတဦးဖြစ်သကဲ့သို့၊ ခရစ်တော်၏ဇာတိနှစ်ခုတို့သည် ပုဂ္ဂိုလ်တဦးထံ၌ညီညွတ်စွာရှိနေကြပါသည်။ ခန္ဓာနှင့်ဝိညာဉ်နှစ်ခုတို့၏လှုပ်ရှားမှုများဖြင့် လူတဦးသည် ပြုမူ၊ တွေးခေါ်၊ လိုချင်ဆန္ဒရှိသလို၊ ခရစ်တော်ထံ၌လည်း တဦးတည်းသောပုဂ္ဂိုလ်မှနေ၍ ဇာတိနှစ်ခုတို့သည် လှုပ်ရှားနေကြပါသည်။

တတိယအနေနှင့်၊ ခန္ဓာနှင့်ဝိညာဉ်သည် သီးခြားလျှက်ရှိနေကြသကဲ့သို့၊ ခရစ်တော်၏ဇာတိသဘာဝနှစ်ခုသည်လည်း သီးခြားလျှက်ရှိနေကြပါသည်။ နှစ်ခုရောနှောကာ ဘုရားအစစ်လည်းမဟုတ် လူသားအစစ်လည်းမဟုတ် အရောအနှောပုံစံနောက်တမျိုး ထွက်ပေါ်မလာပါ။ ၎င်းတို့သည် ကော်ပါးခါတ်နှင့်ဇင့်ခါတ်တို့ရောနှောလျှက် နောက်ခါတ်သစ်တမျိုးဖြစ်သည့် ကြေးဝါ ထွက်လာသလိုမျိုး တခုနှင့်တခု ရောနှောမသွားပါ။ ခရစ်တော်သည် အမြဲတမ်းဘုရားစစ်စစ် ပြည့်ဝစွာဆက်ရှိတော်မူသည်၊ ထို့အတူ လူသားစစ်စစ် ပြည့်ဝစွာဆက်ရှိပါသည်။ သူသည် လူတဝက်၊ ဘုရားတဝက် မဟုတ်ပါ။ (သမန်းဘုရားမဟုတ်ပါ)

စတုတ္ထအနေနှင့်၊ ဝိညာဉ်၏ဂုဏ်လက္ခဏာများ၊ ခန္ဓာ၏ဂုဏ်လက္ခဏာများ နှစ်ခုလုံးကို တဦးတည်းသောလူတယောက်က ပိုင်ဆိုင်သလို(ထိုပုဂ္ဂိုလ်သည် ဝိညာဉ်၌ပညာရှိ၍ အရပ်လည်းရှည်သည်ဟုပြော၍ရသလိုမျိုး)၊ ခရစ်တော်၏ဇာတိနှစ်ခု၊ ဘုရားနှင့်လူသားဇာတိတို့၏ ဂုဏ်လက္ခဏာများကို တဦးတည်းသောခရစ်တော်က ပိုင်ဆိုင်ပါသည်။ ရုတ်တရက်ကြည့်လျှင် တခုနှင့်တခု ဆန့်ကျင်ဟန်ရှိသည့် ကောက်ချက်ကို လူတဦးအတွက် ချမှတ်နိုင်ပါ သည်၊ ဥပမာ လူသည် ဝိညာဉ်ဖြစ်သည်၊ ထို့အပြင် သူသည် မြေမှုန့်လည်းဖြစ်ပါသည်။ ထိုသို့ပင် ခရစ်တော်၏ နှစ်မျိုးသောဇာတိများ၊ ဘုရားဖြစ်ခြင်း၏ပြည့်စုံမှု၊ လူသားဖြစ်ခြင်း၏အကန့်အသတ်များရှိနေမှု နှစ်မျိုးစလုံးကို ခရစ်တော်ကပိုင်ဆိုင်ပါသည်။ သူသည် အရာခပ်သိမ်းကိုသိနေတော်မူပါသည်၊ သို့သော် သူဒုတိယအကြိမ်ပြန်လာမည့် အချိန်နာရီကို မသိပြန်ပါ။ သူသည် ထာဝရပုဂ္ဂိုလ်ဖြစ်သည်၊ သို့သော် တချိန်တည်းတွင် အစပျိုးလည်းရှိနေပြန်ပါသည်။ သူသည် အနန္တတန်ခိုးရှင်ဖြစ်သည်၊ သို့သော် တချိန်တည်းတွင် အားနည်းသူဖြစ်ပြန်ပါသည်။

အာသန်နေးစီးယန်းခံယူယုံကြည်ချက်က ထိုနောက်ဆုံးအချက်ကို လှပစွာစကားလုံးစီထားပါသည်၊ "ခရစ်တော်သည် ဘုရားသခင်ဖြစ်သည်၊ ခမည်းတော်၏အနှစ်သာရ၊ ကမ္ဘာများမရှိမှီ မွေးဖွားထား၊ ထို့အပြင် သူသည်

လူသားဖြစ်၊ သူ့မိခင်၏အသွေးအသားကိုယူ၊ ကမ္ဘာလောကထဲမွေးဖွား၊ ဘုရားဖြစ်ခြင်းနှင့်ပတ်သက်လျှင်ခမည်းတော်နှင့်တတန်းတည်း၊ လူသားဖြစ်ခြင်းနှင့်ပတ်သက်လျှင် ခမည်းတော်ထက် အဆင့်နိမ့်၊ သို့သော် သူသည် ဘုရားဖြစ်သလို၊ လူသားဖြစ်သည်၊ နှစ်ဦးမဟုတ် တဦးတည်း။" တဦးတည်းသောခရစ်တော်ကိုသာ ဝတ်ပြုရပါမည်၊ ချီးမွမ်းရပါမည်။

## ခွဲခြား၍မရအောင် ညီညွတ်နေသောခရစ်တော်၏ဇာတိနှစ်ခုအကြောင်း

(The Inseparable Union of Christ's Two Natures)

ကျွန်တော်တို့၏သခင်ယေရှုခရစ်တော် လူ့ဇာတိခံယူတော်မူခြင်း၏နက်နဲမှုအကြောင်းပြောကြရာတွင်၊ သူသည် ဘုရားအဖြစ်၊ လူသားအဖြစ် ဆက်လက်တည်ရှိတော်မူပါသည် ဆိုသည့်အချက်ကို အလေးအနက်ထား၍ ပြောစရာလိုပါသည်။ လူသားနှင့်ဘုရားဇာတိအကြား ဖြစ်တည်နေသောညီညွတ်မှုသည် ခွဲခြားမရသည့်ညီညွတ်နေမှုဖြစ်ပါသည်။

အချို့ရှိုးသားသောခရစ်ယာန်များထံတွင် မသဲကွဲသော၊ ကျမ်းစာနှင့်မညီသောအမြင်ရှိနေတတ်ပါသည်၊ ၎င်းမှာ ခရစ်တော်သည် သေခြင်းမှထမြောက်ပြီးသေအခါ၊ လူအဖြစ်မှ ရပ်ဆိုင်းသွားသည် ဆိုသောအမြင်ဖြစ်သည်။ သူသည် ဗက်လင်မြို့တွင်မွေးဖွားသောအခါ ကျွန်တော်တို့၏လူ့ဇာတိသဘာဝကို ယူတင်ဝတ်ဆောင်ကာ၊ သေခြင်းမှထမြောက်သောအခါ ထားရစ်ခဲ့ပါသည်ဟု ထင်နေကြပါသည်။ တကယ်တမ်းပြောရလျှင် သေခြင်းမှထမြောက်ခြင်းကိုက သူသည် ကျွန်တော်တို့ကဲ့သို့ လူတယောက်ဖြစ်သည်ဟု ပြောနေခြင်းဖြစ်ပါသည်။ ဘုရားဇာတိအရဆိုလျှင် သူသည် မသေနိုင်ပါ၊ ထို့အတူ ပြန်ထမြောက်ရန်လည်း မလိုအပ်ပါ။

ထို့ကြောင့် သူ၏လူသားဇာတိအဖြစ်မှနေ၍ ကောင်းကင်သို့ တက်သွားခြင်းလည်းဖြစ်ပါသည်။ ဘုရားသခင်အဖြစ်နှင့် ကောင်းကင်သို့တက်ရောက်စရာမလိုအပ်ပါ။ အဘယ်ကြောင့်ဆိုသော် သူသည် နေရာတိုင်းတွင်ရှိနေတော်မူ၍ဖြစ်သည်။ လူသားအနေနှင့် သူသည် ဘုရားသခင်၏လက်ျာဖက်တွင်ထိုင်ပါသည်၊ ကျွန်တော်တို့အတွက် မပြတ်ဆုတောင်းပေးပါသည်၊ ထို့နောက် အရာအားလုံး၏အဆုံးတွင် လူသားအနေနှင့် တရားစီရင်ရန် ပြန်လာပါမည်။

ကျွန်တော်တို့သတိရရမည်မှာ သူသည် လူသားဆက်မဖြစ်လျှင် ကျွန်တော်တို့သည် သူနှင့်ဘာမှဆိုင်တော့မည်မဟုတ်ပါ။ သူသည်လူသားဆက်မဟုတ်တော့ပါဆိုလျှင် ကျမ်းစာကပြောသည့်အရာ မှန်နိုင်တော့မည်မဟုတ်ပါ၊ ကျမ်းစာက သူသည် သူ့ညီအကိုများနှင့်တူသူဖြစ်သည်၊ သူသည် ဘုရားသခင်နှင့်ပတ်သက်၍ သနားတတ်သော၊ သစ္စာရှိသော ယဇ်ပုရောဟိတ်မင်းကြီးဖြစ်သည်ဟု ပြောထားပါသည် (ဟေဗြဲ ၂း၁၇)။ အကယ်၍သာ သူသည် ကျွန်တော်တို့နှင့်တူသူမဟုတ်ပါတော့လျှင် ကျွန်တော်တို့သည် သူ့ညီ၊ညီမများ ဖြစ်နိုင်ကြတော့မည်မဟုတ်ပါ။

ထို့အပြင် သူ၏လူသားဇာတိသည် သေခြင်းမှထမြောက်ခြင်းဖြင့် ဘုရားဇာတိအဖြစ်သို့ ပြောင်းမသွားပါ။ ထိုသို့သာ ဖြစ်သွားခဲ့ပါလျှင် သူသည် ကျွန်တော်တို့၏အကိုကြီး မဟုတ်နိုင်တော့ပါ။ ကျွန်တော်တို့အတွက်ဆုတောင်းပေးဖို့ အမြဲအသက်ရှင်သူ မဖြစ်နိုင်တော့ပါ။ သူသည် လူသားအနေနှင့် ဘုရားရှေ့တွင် ကျွန်တော်တို့ ကိုယ်စားလှယ်ဖြစ်ပါသည်၊ ကျွန်တော်တို့အတွက် ကောင်းချီးရှိသမျှကို ရယူပေးပါသည်။

ခရစ်တော်၏လူသားဇာတိသည် ရှင်ပြန်ထမြောက်ခြင်းဖြင့် မြင့်မားသောဂုဏ်ကျက်သရေရှိခြင်းသို့ ရောက်ရှိပြောင်းလဲသွားပါသည်။ ရှင်ပြန်ထမြောက်ရာနေ့တွင် ကျွန်တော်တို့လည်း ထိုသို့ပြောင်းသွားမည်ဖြစ်ပါသည်။ နောက်ဆုံးသောနေ့ သူ့ကိုတွေ့ဖို့ ထမြောက်ကြချိန်တွင်ဖြစ်ပါမည်။ သူ၏လူသားဇာတိသည် သေဆုံးခြင်း၌ မကျန်ခဲ့ပါ။ ဘုရားအဖြစ်သို့လည်း ပြောင်းမသွားပါ။ သူသည် လူသားတော်သာ ဆက်ဖြစ်နေပါသည်။

ခရစ်တော်၌ လူသားဇာတိ ဆက်ရှိနေသောကြောင့် သူသည် ကမ္ဘာကြီး၏အဆုံးသတ်တွင် ပြန်လာမည်ဖြစ်ပါသည်။ သူ၏ခမည်းတော်ထံ တက်ကြွသွားသည့်အခါကကဲ့သို့ ပြန်လာမည်ဖြစ်ပါသည်။ ဘုရားသခင်အဖြစ်နှင့်မူ သူသည် အမြဲတမ်း ကျွန်တော်တို့ထံ ရှိနေပါသည်။ နေရာတိုင်းတွင် ရှိပါသည်၊ ကမ္ဘာအဆုံးတိုင် ကျွန်တော်တို့ထံရှိနေပါသည်။ သို့သော် လူအဖြစ်နှင့်မူ သူပြန်လာချိန်၊ မျက်နှာချင်းဆိုင် တွေ့ချိန်အထိ မတွေ့ရတော့ပါ။

နားလည်ရခက်နေပါသလား? ခက်မည်အမှန်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ခရစ်တော်၏လူသားဇာတိခံယူခြင်း၊ ဇာတိသဘာဝနှစ်မျိုးညီညွတ်နေခြင်းတို့သည် ဘုရားသခင်လုပ်သောအရာများဖြစ်ပါသည်၊ သူ၏လုပ်ပုံကိုင်ပုံနည်းလမ်းများသည် အမြဲတမ်း ကျွန်တော်တို့အတွက် မြင့်မားလွန်းလှပါသည်။ ၎င်းတို့သည် သူ၏ကျေးဇူးတော်ဖြင့် ပြုလုပ်ပေး၍ရလာသော ကျွန်တော်တို့ကယ်တင်ခြင်း၏ အံ့သြစရာအစိတ်အပိုင်းတခုဖြစ်ပါသည်။

နားလည်ရခက်မည်အမှန်ဖြစ်ပါသည်၊ သို့သော် ခန်းနားကြီးကျယ်လှသောနှစ်သိမ့်စရာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် "ကျွန်ုပ်တို့၏အသွေးအသားသည် ကောင်းကင်ဘုံ၌ရှိသကဲ့သို့ သေချာသော အာမခံကိုရရှိ၏။ သူ

သည် ဦးခေါင်းဖြစ်သကဲ့သို့ သူ၏အင်္ဂါများဖြစ်သော ကျွန်ုပ်တို့ကိုလည်း သူ့ထံသို့ယူဆောင်မည်ဖြစ်၏။" (ဟိုက်ဒဲလ်ဘာ့ဂ်၊ အမေးအဖြေ မေးခွန်း ၄၉)

## ပုဂ္ဂိုလ်ဖြစ်ခြင်း၌ ညီညွတ်နေသော ခရစ်တော်၏ဇာတိနှစ်ခုအကြောင်း

(The Personal Union of Christ's Two Natures)

ခရစ်တော်၏ဇာတိနှစ်ခုတို့ ညီညွတ်နေခြင်းသည် ပုဂ္ဂိုလ်ဖြစ်ခြင်း၌ ညီညွတ်နေခြင်းဖြစ်ပါသည်။ ၎င်းသည်လည်း ကျွန်တော်တို့သခင်ယေရှုခရစ်တော်၏နက်နဲခြင်း အစိတ်အပိုင်းတခုဖြစ်သည်။

ပုဂ္ဂိုလ်ဖြစ်ခြင်း၌ညီညွတ်နေခြင်းဟုပြောသည့်အခါ၊ ပြောချင်သည်မှာ ပထမအနေနှင့် သူသည် ပုဂ္ဂိုလ်တခုတည်းရှိသူဖြစ်သည်။ ခရစ်တော်နှစ်ယောက်မရှိပါ၊ တယောက်သည် လူ၊ နောက်တယောက် ဘုရား မဟုတ်ပါ။ တယောက်တည်းဖြစ်သည်၊ ဗက်လင်တွင်မွေး၊ ဝေဒနာများခံစား၊ လက်ဝါးကပ်တိုင်တွင်သေ၊ သုံးရက်နေ့တွင် ပြန်ရှင်သူ တဦးတည်းဖြစ်သည်။

ဒုတိယအနေနှင့် ခရစ်တော်သည် ပုဂ္ဂိုလ်ဖြစ်ခြင်းအရ ဘုရားသခင်၏တပါးတည်း ထာဝရမွေးဖွားထားသောသားတော်ဖြစ်သည်။ သူသည် လူသားပုဂ္ဂိုလ်တပိုင်း၊ ဘုရားပုဂ္ဂိုလ်တပိုင်း မဟုတ်ပါ။ သူသည် ထာဝရဖြစ်သောဘုရားပုဂ္ဂိုလ်ဖြစ်ပါသည်။ ထို ထာဝရဖြစ်သော ဘုရားပုဂ္ဂိုလ်သည် ကျွန်တော်တို့၏လူသားကိုယ်ခန္ဓာ၊ ဇာတိသဘာဝကို မိမိအတွက် ယူတင်ဝတ်ဆောင်ခြင်းဖြစ်သည်။ သူသည် လူသားပုဂ္ဂိုလ်ကို ယူတင်ဝတ်ဆောင်ခြင်းမရှိပါ၊ လူသားဇာတိသဘာဝခန္ဓာကိုသာ ယူတင်ဝတ်ဆောင်သည်။ သူ၏ပုဂ္ဂိုလ်သည် သုံးပါးတဆူဘုရားသခင်၏ ဒုတိယပုဂ္ဂိုလ်ဖြစ်ပါသည်။ ဤအမှန်တရားကို လူအများက ငြင်းပယ်ကြသည်၊ အထူးသဖြင့် သူသည် လူအဖြစ်မှ ဘုရားဖြစ်သွားသည်ဟု ယုံကြည်ကြသူများကဖြစ်သည်။

ဤအပိုင်းသည် ခရစ်တော်၏အကြောင်းတွင် နားလည်ရအခက်ခဲဆုံးအပိုင်းဖြစ်သည်။ ဆိုလိုသည်မှာ တပါးတည်းသာမွေးဖွားထားသောသားတော်သည် ပုဂ္ဂိုလ်ဖြစ်ခြင်းမှနေ၍ ဝေဒနာများကိုခံစားလျှက် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံတော်မူသည်ဟုဖြစ်သည်။ "အကျွန်ုပ်၏ဘုရား၊ အကျွန်ုပ်၏ဘုရား အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော်မူပါသနည်း"ဟု ပြောနေသူသည် ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်နေပါသည်။ မည်မျှခန်းနားလှသော အမှန်တရားဖြစ်ပါသနည်း?

ထိုအရာများအားလုံးကို ခရစ်တော်သည် မိမိ၏လူသားဇာတိမှနေ၍ပြုလုပ်ပါသည်ဟုပြောလျှင်၊ နက်နဲမှုမဟုတ်တော့ပါ။ နက်နဲရသည့်အကြောင်းမှာ ထိုအရာအားလုံးကို ဘုရားသခင်၏တပါးတည်းမွေးထားသောထာဝရသားတော်က ပြုတော်မူခြင်း ဖြစ်သောကြောင့်ဖြစ်သည်။ ဘုရားသခင်၏ပြုမူခြင်းများသည် မည်မျှပင်ရှာဖွေနားလည်၍ မကုန်နိုင်ဖြစ်ပါသနည်း?

ခရစ်တော်သည် ပုဂ္ဂိုလ်အရ သုံးပါးတဆူဘုရား၏ ဒုတိယပုဂ္ဂိုလ်ဟု ယုံကြည်ခြင်းသည် အရေးကြီးလှပါသည်၊ အဘယ်ကြောင့်ဆိုသော် ထိုသို့သောပုဂ္ဂိုလ်ကသာ အပြစ်အတွက် ကြေအေးခြင်းကို ပြုလုပ်ပေးနိုင်ပါမည်၊ ကျွန်တော်တို့အတွက် ထာဝရဖြောင့်မတ်ခြင်းကို ယူဆောင်လာနိုင်ပါမည်။ ဘုရားသခင်၏သားတော်တပါးတည်းကသာ သူ့လူများ၏အပြစ်အားလုံးတွက် လက်ဝါးကပ်တိုင်ပေါ်အသေခံပေးခြင်းဖြင့် ပေးဆပ်ပေးနိုင်ပါမည်။ ဘုရားသခင်၏သားတော်ကသာ အပြစ်ကိုဆန့်ကျင်လျှက်ထားရှိသော ဘုရားသခင်၏ထာဝရအမျက်တော်ရှိသမျှကို တိုတောင်းလှသော ခြောက်နာရီမျှအတွင်း ကုန်စင်အောင် ခံစားပေးနိုင်ပါမည်။ ဘုရားသခင်၏သားတော်ကသာ ဘုရားသခင်ကိုယ်တိုင် ၏ဖြောင့်မတ်ခြင်းဖြစ်သည့် ထာဝရဖြောင့်မတ်ခြင်းကို ကျွန်တော်တို့ထံ ယူဆောင်ပေးနိုင်ပါမည် (ရောမ ၃း၂၁၊ ၂၂)။ ထိုဖြောင့်မတ်ခြင်းသည် ဖျက်ဆီး၍မရပါ၊ ပျောက်လည်း မပျောက်နိုင်ပါ။

ခရစ်တော်သည် ပုဂ္ဂိုလ်အရ ဘုရားသခင်၏သားတော်ဖြစ်သောကြောင့်သာ၊ သူ၏အလုပ်များ၊ ကယ်တင်ရန်အသေခံပေးခြင်း စသည်တို့သည် ကျွန်တော်တို့အတွက် တန်ဖိုးရှိနိုင်ခြင်း ဖြစ်ပါသည်။ လူ မလုပ်နိုင်သောအရာကို ဘုရားသခင်သည် သူ၏သားတော်၏ပုဂ္ဂိုလ်မှနေ၍ လုပ်ပေးတော်မူပါသည်။

အပျိုစစ်စစ်မာရိထံမှ လူ့ဇာတိခံယူလာသူအဖြစ်၊ ခရစ်တော်သည် ပုဂ္ဂိုလ်အရ သုံးပါးတဆူမှ ဒုတိယပုဂ္ဂိုလ်ဖြစ်ခြင်းသည် အရေးကြီးလှပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုအချက်က ကျွန်တော်တို့၏ကယ်တင်ခြင်းသည် လူသား ဘုရားဖြစ်လာကာ လုပ်ပေးခြင်းမဟုတ်၊ ဘုရားသခင် လူသားဖြစ်လာကာ ပြုလုပ်ပေးသည်ဆိုသည်ကို သတိရနေစေ၍ဖြစ်ပါသည်။

**၁ကော ၈း၆ ၏စကားလုံးများက ယခုပြောဆိုခဲ့သည်များအားလုံးကို လုံစွာအဆုံးသတ်ပေးပါသည်၊** "အကြင်ဘုရားသခင်ထံက ခပ်သိမ်းသောအရာဖြစ်၍၊ အကြင်ဘုရားသခင်အဘို့အလိုငှါ ငါတို့သည် ဖြစ်ကြ၏၊ ထိုခမည်းတော်ဘုရားသခင် တပါးတည်းသာ ငါတို့၌ရှိတော်မူ၏။ အကြင်သခင်အားဖြင့် ငါတို့မှီ၍ ခပ်သိမ်းသောအရာဖြစ်ကြ၏၊ ထိုသခင်ယေရှုခရစ်တပါးတည်းသာ ငါတို့၌ရှိတော်မူ၏။" **ထိုခံယူယုံကြည်ချက်ကို မိမိတို့ပိုင်အဖြစ်ပြုနိုင်ကြရန် ဘုရားသခင် ကျေးဇူးတော်ကိုပေးတော်မူ ပါစေ။ အမြဲတမ်း မိမိတို့၏ယုံကြည်ချက်အဖြစ် ခံယူနိုင်ကြရန် မဆုတော်မူပါစေ။**

(Doctrine According to Godliness, Rev. Ronald Hanko**၏စာအုပ်မှ ဘာသာပြန်ပါသည်**)

++++++++++++++++++++++++++++++++++++++++++++++++++++++++++++

## ဗျာဒိတ်ကျမ်းကိုဖွင့်ဟကြည့်ခြင်း (၂၅)

**၁၀း၈–၁၀**

၁၀း၈ ငါကြားရသောကောင်းကင်အသံသည် တဖန်ငါ့အားဟောသည်ကား၊ မြေ၎င်း ပင်လယ်၎င်းပေါ်မှာရပ်နေသော ကောင်းကင်တမန်၏လက်၌ ဖွင့်ထားလျက်ရှိသော စာစောင်ငယ်ကို သွား၍ယူလော့ဟုဆိုလေ၏။

၁၀း၉ ငါသည် ကောင်းကင်တမန်ထံသို့သွား၍ စာစောင်ငယ်ကိုပေးပါမည်ဟုတောင်း၏။ သူကလည်း ယူ၍စားလော့။ ဝမ်းကိုခါးစေလိမ့်မည်။ သို့သော်လည်းပါးစပ်၌ ပျားရည်ကဲ့သို့ ချိုလိမ့်မည်ဟုဆိုလျှင်၊ ငါသည် စာစောင်ကို ကောင်းကင်တမန်၏လက်မှယူ၍စား၏။ ပါးစပ်၌ ပျားရည်ကဲ့သို့ ချို၏။ စား၍ပြီးမှ ဝမ်း၌ခါး၏။

၁၀း၁၀ ကောင်းကင်တမန်ကလည်း၊ သင်သည် အသီးအသီးဘာသာစကားကိုပြောသော လူအမျိုးမျိုးတို့၌၎င်း၊ ရှင်ဘုရင်တို့၌၎င်း၊ တဖန်ပရောဖက်ပြု၍ဟောပြောရမည်ဟု ဆိုလေ၏။

**စာအုပ်ငယ်ကိုစားခြင်းဗျာဒိတ်**

**၁။ မည်သူက ယောဟန်ကိုပြောနေကြောင်း မဖော်ပြပါ။ ဤဗျာဒိတ်ဖွင့်ပြချက်ကိုဖော်ပြစဉ်တွင် ယောဟန်သည် ရူပါရုံအရပင် ကောင်းကင်၌မဟုတ်တော့ပါ။ သူကိုပေးသောစာအုပ်ကလေးသည် (အခန်းကြီး ၁ ၌ပြောသည့်) တံဆိပ်ခုနှစ်ချက် ခတ်နှိပ်ထားသော စာအုပ်မဟုတ်ပါ။ ထိုစာနှစ်အုပ်မတူကြပါ၊ ယခုကောင်းကင်တမန်ပေးသောစာအုပ်ကို စာအုပ်ငယ်ဟု ခေါ်ပါသည်၊ ထိုစာအုပ်ကိုတော့ မခေါ်ပါ။ ကောင်းကင်တမန်လက်ထဲရှိယခုစာအုပ်သည် ဖွင့်ထားပါသည်၊ အခန်းကြီး(၁)မှစာအုပ်မှာ ပိတ်ထားသည်။ ပထမစာအုပ်ကို သခင်ဘုရားတဦးတည်းကသာ ယူခွင့်ရပါသည်၊ ယခုစာအုပ်ကိုမူ ယောဟန်က ကောင်းကင်တမန်လက်မှ လက်ခံခွင့်ရှိပါသည်။**

**သို့သော် ထိုနှစ်အုပ်၌ဆက်နွယ်မှုရှိပါသည်၊ နှစ်အုပ်လုံးသည် နောက်ဖြစ်လာမည့်အရာများနှင့်ဆိုင်ကြပါသည်။ ထိုစာအုပ်ကလေးကိုစားခြင်းဖြင့် ယောဟန် ပရောဖက်ဖြစ်လာပါမည်။ ထို့ကြောင့် ထိုစာအုပ်ကလေးတွင်ပါသောအရာများသည် တံဆိပ်ခုနှစ်ချက်ထဲတွင်ပါသောအကြောင်းအရာများ၏ တစိတ်တပိုင်းဖြစ်ပါသည်။**

**ထိုစာအုပ်ကိုဖွင့်ထားပါသည်၊ ထို့ကြောင့် ပါဝင်သောအကြောင်းအရာများကို ယောဟန်ဖတ်၍ရပါသည်။ ဝှက်ထားသည်များမဟုတ်ကြပါ။ ထိုသို့ဖြစ်ရန်ကို ကောင်းကင်တမန်သို့သွား၍စာအုပ်ကိုယူစေခြင်းက ပို၍ပီပြင်စေပါသည်။ သူကိုလက်ခံယုံသက်သက်မျှ စေခိုင်းခြင်းမဟုတ်ပါ၊ သူဖက်မှလုပ်ရမည်ကိုလည်း ဖော်ပြနေခြင်းဖြစ်သည်။**

**၂။ ထို့ကြောင့် ယောဟန်သည် ကောင်းကင်တမန်ခီသွား၍ စာအုပ်ကိုပေးပါဟု တောင်းပါသည်။ ထိုအချက်က ယောဟန်သည် ပရောဖက်တဦးအနေနှင့် ဘုရားသခင့်နှုတ်ကပတ်တော်ဖွင့်ပြချက်ကို လိုချင်သည်ဟုပြောနေခြင်းဖြစ်သည်။ ထိုနှုတ်ကပတ်တော်ကို သူသည် ခရစ်တော်ထံမှသာ ရနိုင်သည်ဟု ဝန်ခံခြင်းဖြစ်သည်။**

**ကောင်းကင်တမန်က သူ့ကို ယူယုံသာမက၊ စားပစ်ပါဟုခိုင်းပါသည်။ ယေရမိ ၁၅း၁၆၊ ယေဇ ၂း၈ တို့နှင့်တူသည်ကိုတွေ့နိုင်ပါသည်။ ထိုစာအုပ်ကို ယောဟန်သည် သမန်ကာရှန်ကာသိယုံမျှနှင့်မလုံးလောက်၊ မြို့ချရမည်၊ ခြေဖျက်ရမည်၊ လုံးလုံးတသားတည်းဖြစ်ရမည်ဟု ပြောနေပါသည်။ (မြန်မာလိုဆိုလျှင် အရည်ကျိုသောက်ရမည်ဟုဆိုနိုင်ပါမည်။)**

**ထို့အပြင် ကောင်းကင်တမန်က စားလျှင်မည်သို့ဖြစ်မည်ကိုလည်း ကြိုတင်ပြောပြပါသည်။ "သင့်ဝမ်းကို ခါးစေမည်၊ သို့သော် ပါးစပ်တွင် ပျားရည်ကဲ့သို့ ချိုစေမည်" သတိပြုရမည်မှာ ဝမ်းတွင်ခါးမည်ဆိုသည်ကို အရင်ပြောခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ဘုရားသခင်၏စကားတော်ကို မိမိဘဝ၌ပြည့်ဝနေစေသူ၊ ထိုစကားတော်၏သက်သေ၊ ထိုစကားတော်အတိုင်းနေထိုင်သူသည် ဤလောကထဲတွင် အသွေးအသားအရ ခါးသီးခြင်းများကိုတွေ့ကြုံရမည်ဟု ပြောနေခြင်းဖြစ်ပါသည်။**

**၃။ "ငါ ယူ၍စားလိုက်သည်။" ဤကျမ်းပိုဒ်က ယောဟန်၏ ဘုရားသခင်ပြောခြင်းအပေါ် နာခံခြင်းကိုဖော်ပြသည်။ သို့သော် မည်သို့သူ့အပေါ်သက်ရောက်ကြောင်း သူခံစားရသည့်အတိုင်းပြန်ပြောသည်ကိုတွေ့ရပါသည်၊ လျှာတွင် ချိုသည်၊ ဝမ်းတွင် ခါးသည်။**

++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++

## အိမ်နီးချင်းကဲ့သို့ မေတ္တာထားခြင်း (ပထမပိုင်း)

## Loving as Neighbour (Part 1)

(၃၀)–ယေရှုက၊ လူတယောက်သည် ယေရှုရှလင်မြို့မှယေရိခေါမြို့သို့သွားရာတွင်ထားပြန့်နှင့်တွေ့ကြုံလေ၏။
ထားပြတို့သည် ထိုသူ၏အဝတ်ကိုချွတ်၍နာကျင်စွာရိုက်နှက်ပြီးမှ သေလုမတတ်ရှိသောအခါပစ်ထား၍သွားကြ၏။
(၃၁)–ထိုလမ်းသို့ ယဇ်ပုရောဟိတ်တယောက်သည်အမှတ်တမဲ့သွား၍ ထိုလူနာကိုမြင်လျှင် လွှဲရှောင်၍သွားလေ၏။
(၃၂) ထိုနည်းတူ လေဝိလူတယောက်သည်ထိုအရပ်သို့ရောက်သောအခါ၊
လာ၍ကြည့်မြင်လျှင်လွှဲရှောင်၍သွားလေ ၏။ (၃၃)– ရှမာရိလူတယောက်သည် ခရီးသွားရာတွင်
ထိုလူနာရှိရာသို့ရောက်၍မြင်သောအခါ ဂရုဏာစိတ်ရှိသည် နှင့်၊ (၃၄)–ချဉ်းကပ်၍ သူ၏အနာများကို
ဆီနှင့်စပျစ်ရည်ထည့်လျက်အဝတ်နှင့်စည်းပြီးလျှင်၊ မိမိတိရိစ္ဆာန်ပေါ်မှာ တင်၍စရပ်တခုသို့ ဆောင်သွားပြုစုလေ၏။
(၃၅)–နက်ဖြန်နေ့၌ထွက်သွားသောအခါ၊ ဒေနာရိနှစ်ပြားကိုထုတ်၍စ ရပ်ရှင်အားပေးလျက်၊ ဤသူကိုကြည့်ရှုပြုစုပါ။
ကုန်သမျှကိုငါပြန်လာသောအခါဆပ်ပေးမည်ဟုဆို၏။ သင်သည်အ ဘယ်သို့ထင်သနည်း။ (၃၆)–
ထိုသူသုံးယောက်တို့တွင် အဘယ်သူသည်ထားပြလက်သို့ရောက်သောသူနှင့်စပ်ဆိုင် သောသူဖြစ်သနည်းဟု
ပြန်၍မေးတော်မူလျှင်၊ (၃၇)–ကျမ်းတတ်ကလည်း၊ လူနာကိုသနားသောသူသည်စပ်ဆိုင်သော သူဖြစ် ပါ၏
ဟုလျှောက်သော် ယေရှုက၊သင်သည်သွား၍ထိုနည်းတူပြုလော့ဟုမိန့်တော်မူ၏။ (လုကာ ၁၀း၃၀–၃၇)

**မိတ်ဆက်စကား**

အကယ်၍ ရှင်လုကာခရစ်ဝင်ကျမ်းထဲမှ အဖြစ်အပျက်များကို နေ့စွဲအစဉ်အလိုက်စီစဉ်ကြည့်ပါလျှင် ယခုပုံဥပမာသည် သခင်ယေရှုက သူ၏ဂါလိလဲနယ်သာသနာပြီးဆုံးချိန်တွင်၊ လူ(၇၀)ကို နိုင်ငံတော်၏သတင်းကောင်းသွားရောက်ဟောပြောကြဖို့စေလွှတ်ပြီးသည့်နောက်တွင် ဟောပြောခဲ့ခြင်းဖြစ်သည်။ ဤအချက်က (လုကာအခန်း–၉)အဆုံးပိုင်းတွင်ဖော်ပြထားသောအဖြစ်အပျက်များနှင့်လဲကိုက်ညီမှုရှိနေသည်။သခင်ယေရှုနှင့်သူ၏တပည့်တော်များသည် ဂျေရုဆလင်သို့သွားရာလမ်းခုလတ်တွင်ရှိနေကြချိန်ဖြစ်သည်(လုကာ ၉း၅၁–၅၆)။

ဤပုံဥပမာသည် ပညတ္တိကျမ်းတတ်တဦး၏(မည်သူသည် ကျွန်တော့်အိမ်နီးချင်းဖြစ်သနည်း?) ဟူသောမေးခွန်းကို တိုက်ရိုက်ပြန်ဖြေသည့်အနေနှင့် သခင်ယေရှုကသွန်သင်ပေးထားခြင်းဖြစ်၏။ ဤပုံဥပမာကို မှန်မှန်ကန်ကန်နားလည်နိုင်ဖို့အတွက်ဆိုလျှင် သက်ဆိုင်သောအဖြစ်အပျက်နှင့် အခြေအနေအချိန်အခါတို့ကို သိနားလည်မှုရှိ/မရှိအပေါ်တည်မှီနေသည်။

သခင်ယေရှု ရုပ်ဆင်းအင်္ဂါဘုန်းထင်ရှားစွာပြောင်းလဲခြင်းရှိပြီးနောက်ပိုင်းတွင် သခင်ယေရှုအားပြစ်တင်ရှုံ့ချရန် ဂျူးတို့ကအထူးတလည်ကြိုးစားလာခဲ့ကြသည်။ သူတို့က သခင်ဘုရား၏သွန်သင်မှုထဲတွင် မောရှေနှင့်ပရောဖက်များ၏ပညတ်ချက်တို့နှင့်ဆန့်ကျင်သောသွန်သင်ချက်များ ပါလာခဲ့လျှင် အမိဖမ်းနိုင်ဖို့ကြိုးစားနေကြချိန်ဖြစ်၏။ ဤသို့သခင်ဘုရားကိုတရားစွဲနိုင်ရန်လိုအပ်သော အမှားအယွင်းမျိုးကိုပြောထွက်လာစေရန် ထောင်ချောက်ဆင်၍မေးခွန်းများမေးလာကြ၏။ ပညတ္တိကျမ်းတတ်သည်လည်း ဤသို့သောအကြံအစည်ဖြင့်မေးခွန်းထုတ်နေခြင်းဖြစ်သည်။ သူက–(ထာဝရအသက်ရရှိနိုင်ဖို့ ကျွန်တော်ဘာလုပ်ရမည်နည်း?)–ဟု ရိုးသားစွာသိလိုဟန်ဖြင့် မေးခွန်းထုတ်လိုက်၏။ ကျမ်းတတ်ဆရာအနေနှင့် သခင်ယေရှုသည် မောရှေ၏ပညတ်များကို မကြာခဏအနက်ဖွင့်ပေးလေ့ရှိကြောင်းနှင့် ထိုသို့အနက်ဖွင့်ခြင်းများသည် ဖါရိရှဲတို့ရှုထောင့်မှကြည့်လျှင် မောရှေအားဆန့်ကျင်ရာရောက်သွားတတ်ကြောင်းကို ကောင်းစွာသိထားပြီးဖြစ်သည်။ ထို့ကြောင့် ဤတကြိမ်တွင်လဲ သခင်ယေရှုက မောရှေနှင့်ဆန့်ကျင်သောစကားအချို့ကိုပြောလာလိမ့်မည်ဟု ထိုကျမ်းတတ်ကတွေးထင်ထား၏။ သို့သော်လည်း သူ၏ကျကျနနပြင်ထားသော ထောင်ချောက်ထဲသို့ သူကိုယ်တိုင်ကျရောက်သွားခဲ့သည်။ သခင်ယေရှုက ပညတ်တော်များကိုရည်ညွှန်းပြီး –"ပညတ်တော်က မည်သို့ပြောသနည်း? သင်သည်ကျမ်းစာကျောင်းသားဖြစ်သည်နှင့်အညီသိထားသင့်ပေသည်။ သင်ဘာတွေ ဖတ်ရှုခဲ့ရသနည်း?"–ဟူ၍တန်ပြန်မေးခွန်းထုတ်လိုက်သည်။

ကျမ်းတတ်ဆရာက (တရားဟောရာကျမ်း ၆း၅) နှင့်(ဝတ်ပြုရာကျမ်း ၁၉း၁၈)တို့ကို ကိုးကား၍–"ဘုရားသခင်နှင့် သင့်အိမ်နီးချင်းကိုချစ်ပါ"– ဟုပြန်ဖြေလိုက်သည်။ ဤအဖြေအတိအကျမှန်ကန်ပါသည်။ ပညတ်တော်ကအစဉ်အမြဲတောင်းဆိုနေသောအရာသည် (ဘုရားသခင်အားချစ်ခြင်းနှင့် သင့်အိမ်နီးချင်းကိုချစ်ခြင်းတည်းဟူသော)–ချစ်ခြင်းမေတ္တာဖြစ်သည်။ ဤအချက်သည် မည်သည့်အချိန်ကမျှ မပြောင်းလဲခဲ့ပါ။ ချစ်ခြင်းမေတ္တာထားရှိသောသူသည်

ကေန်မှချအသက်ရှင်လိမ့်မည်။ အသက်ရှင်ခြင်းသို့သွားရာလမ်းသည် ချစ်မေတ္တာလမ်းမကြီးအတိုင်းသာဖြစ်၏။ ထို့ကြောင့် သခင်ယေရှုက–“ဤသို့လုပ်ပါ၊ သင်အသက်ရှင်လိမ့်မည်”(လုကာ၁၀း၂၈)–ဟုမိန့်တော်မူလိုက်၏။

သခင်ယေရှုက ဤသို့ပြောလိုက်ခြင်းဖြင့် လူတချို့ကအတင်းအကျပ်ဆွဲတွေးကြသလို (အကယ်၍လူသားသည် သူ၏ကိုယ်ပိုင်လွတ်လပ်သောရွေးချယ်မှုဖြင့် ကျင့်ကြံအားထုတ်ခဲ့ပါလျှင် ဘုရားသခင်အားချစ်နိုင်စွမ်းရှိသည်)–ဟူသောအဓိပ္ပါယ်ရောက်မသွားပါ။ ဤသို့ကောက်ချက်ဆွဲခြင်းသည် မှားယွင်းနေရုံမျှမကဘဲ သမ္မာကျမ်းစာတစ်ခုလုံး၏ သွန်သင်ချက်နှင့်လဲဆန့်ကျင်နေပါသည်။

အသက်ရှင်ခြင်းသို့သွားရာလမ်းသည် အမြဲတမ်းပင် ဘုရားသခင်အားချစ်မြတ်နိုးခြင်းလမ်းအားဖြင့်ဖြစ်၏။ ‘အာဒံ’ အပြစ်ထဲသို့မကျဆင်းမီက ဒေင်ဥယာဉ်သုခဘုံထဲ၌လဲဤနည်းအတိုင်းပင်ဖြစ်ခဲ့၏။ ဤအချက်သည် ပညတ်တော်၏ အခြေခံတောင်းဆိုချက်အဖြစ်ဆက်ရှိမြဲရှိနေ၏။ “သင်၏အရှင်သခင်ဘုရားသခင်အား ချစ်လော့”(မဿဲ–၂၂း၃၇)။ ဘုရားသခင်၏လူတို့သည် သူတို့၏ဘုရားသခင်အားချစ်မြတ်နိုးခြင်းအားဖြင့် အသက်ရှင်ခြင်းသို့ဝင်ရောက်နိုင်စွမ်း ပြန်လည်ရရှိလာသောအမှုအရာသည် သခင်ယေရှုခရစ်တော်အထဲ၌ရရှိသော မဟာကျေးဇူးတော် လက်ဆောင်ပင်ဖြစ်တော့၏။

သခင်ဘုရား၏ ဤအဖြေကြောင့် ကျမ်းတတ်ဆရာစိတ်ဒုက္ခရောက်သွားရ၏။ သူသည်သခင်ယေရှုအားသူ့စကားနှင့်သူထောင်ချောက်မိစေဖို့ကြိုးစားခဲ့သော်လည်း၊ သူကိုယ်တိုင်သည်သာ ပညတ်တော်များကိုဂရုမစိုက်သူအဖြစ် ပတ်ဝန်းကျင်ကအထင်ခံရသောအဖြစ်သို့ရောက်သွားခဲ့ရသည်။ ထိုမျှသာမကဘဲ၊ သခင်ဘုရား၏ပြောစကားများက သူသည်ပညတ်တော်များကိုစိတ်နှလုံးထဲကနေမှန်ကန်ကြောင်းသိနေသော်လည်း လက်တွေ့ဘဝ၌စောင့်ထိန်းခြင်းမရှိသူတဦးဖြစ်သွားစေသည်။ ထို့ကြောင့်လဲ သူသည်သူ့ကိုယ်သူမှန်ကန်ကြောင်းပြသဖို့ ထပ်မံကြိုးစားလိုက်ပြန်သည်။ သူကသူ၏အိမ်နီးချင်းမည်သူဖြစ်ကြောင်း အတိအကျပြောပြရန်မေးလိုက်ပြန်သည်။ ဤအမှုသည် မိမိကိုယ်ကိုယ်ဖြောင့်မတ်သူဟုခံယူကြသော ဂျူးလူမျိုးများစွာ၏ပြဿနာပင်ဖြစ်၏။ သူတို့သည် သူတို့၏မိတ်ဆွေများ၊ သူတို့ကချစ်ထိုက်သည်ဟုသဘောကျသောသူများကိုသာ ရွေးချယ်၍ချစ်လေ့ရှိကြ၏။ သူတို့သည် အတ္တတရား၏အောက်ခြေထဲမှနေ၍ သူတို့အပေါ် ကောင်းသောသူများကိုသာပြန်ကောင်းတတ်ကြ၏။ ထို့ကြောင့် ကျမ်းတတ်ဆရာသည် သူ၏အပြုအမူကို မှန်ကန်ကြောင်းထင်ရှားစေလိုသဖြင့် “မည်သူသည် သူ၏အိမ်နီးချင်းဖြစ်ပါသနည်း”ဟူ၍ မေးခွန်းထုတ်လိုက်ခြင်းဖြစ်၏။

သခင်ယေရှုပြန်ဖြေလိုက်သောအဖြေသည် အထိတ်တလန့်ဖြစ်စရာ စိတ်နှလုံးထဲသို့ထိုးဖေါက်သွားသော အဖြေဖြစ်နေ၏။ အသက်ရှင်ခြင်းသို့သွားရာလမ်းသည် ချစ်ခြင်းမေတ္တာလမ်းအားဖြင့်ဖြစ်ကြောင်းမှန်ကန်လှပါ၏။ ထို့အတူ ကျမ်းတတ်ဆရာ၏မေးခွန်းကို သခင်ယေရှုကပြောင်းပြန်လှန်ပစ်လိုက်၏။ အကယ်၍လူတဦးသည် ချစ်ခြင်းမေတ္တာလမ်းကိုလျှောက်လှမ်းနေပါလျှင် သူက“ကျွန်တော့်အိမ်နီးချင်းဘယ်သူလဲ”ဟုမမေးရတော့ပါ။ ထိုအစား “ဘယ်သူဟာ ကျွန်တော့်အိမ်နီးချင်းဖြစ်နေသလဲ?”ဟူ၍သာမေးရပါတော့မည်။ ဤမေးခွန်းသည် ချစ်ခြင်းမေတ္တာမေးခွန်းပင်ဖြစ်၏။ အကယ်၍ ဤမေးခွန်းကိုအဖြေရခဲ့ပါလျှင်“ကျွန်တော့်အိမ်နီးချင်းဘယ်သူလဲ ”ဟူသောမေးခွန်းသည်လဲ သူ့ဟာသူဖြေပြီးသားဖြစ်သွားပေမည်။

## လူတယောက်၏အိမ်နီးချင်းဆိုသည်မှာ

ဤကျမ်းတတ်ဆရာ၏မေးခွန်းကိုပြန်ဖြေသည့်အနေနှင့် သခင်ယေရှုပြောပြလိုက်သောပုံဥပမာသည် ပုံပြောကောင်းသူတဦး၏ပုံပြင်အလားထင်မှတ်မှားရပေ၏။ ဤပုံဥပမာသည် ဘဝတစ်ခုလုံးအတွက်မှန်ကန်နေရုံမျှသာမကဘဲ၊ ချစ်ခြင်းမေတ္တာ၏ အဖက်ဖက်မှအရေးကြီးပုံကို (ကောင်းကင်နိုင်ငံတော်အတွင်းမှာရှိသည့်) ဝိညာဉ်ရေးရာပေါင်းသင်းဆက်ဆံရေး၏ အခန်းကဏ္ဍတရပ်အဖြစ် တောက်ပလင်းလက်စွာ၊ ဆွဲဆောင်မှုရှိစွာ သရုပ်ဖေါ်ပေးထား၏။

လူတယောက်သည် ဂျေရုဆလင်မြို့မှဂျယ်ရီကိုမြို့သို့သွားသောလမ်းမကြီးပေါ်တွင် ခရီးသွားနေ၏။ သခင်ယေရှုက ထိုလူအား အမည်မသိလူတယောက်ဖြစ်အောင် ရည်ရွယ်ချက်ရှိရှိပြောပြထားခြင်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် (ထိုသူမည်သူဘဲဖြစ်ဖြစ် ဘာမှပြောင်းလဲသွားမည်မဟုတ်ဟူသောအချက်သည်) ဤပုံဥပမာ၏အဓိကအချက် ဖြစ်သောကြောင့် ဖြစ်၏။ ဖြစ်နိုင်ခြေအရှိဆုံးအဖြစ် သူသည်‘ဂျူး’တယောက်ဖြစ်သည်ဟု ကျွန်တော်တို့မှတ်ယူထားနိုင် ၏။ အကယ်၍သာ ဤသို့ဖြစ်ပါလျှင် တဖက်မှယဇ်ပုရောဟိတ်ကြီးနှင့် လေဝိအမျိုးသားတို့၏တုံ့ပြန်ပုံနှင့် တဖက်မှ ရှ မာရိအမျိုးသား (ဂျူးတို့၏ရန်ဖက်အမျိုး)၏တုံ့ပြန်ပုံတို့အကြား ထူးခြားကွဲပြားလှပုံကို ပို၍စူးရှထက်မြက်စွာ ရုပ်လုံးကြွ လာစေမည်ဖြစ်၏။

ထိုသူခရီးသွားနေသောလမ်းမသည် ဂျေရုဆလင်မြို့(ပင်လယ်ရေမျက်နှာပြင်အထက် ၂၆၀၀–ပေအမြင့်)မှနေ၍ ဂျယ်ရီကိုမြို့(ပင်လယ်ရေမျက်နှာပြင်အောက် ၁၃၀၀–ပေ အနိမ့်) သို့ဆက်သွယ်ထားသောလမ်းမဖြစ်၏။ ဤ ပေ ၄၀၀၀–နီးပါးအနိမ့်အမြင့်ကွာဟမှုကို (၁၇)မိုင်နီးပါး အဆင်းလမ်းဖြင့်ဆက်သွယ်ထားခြင်းဖြစ်သည်။ လမ်းသည် ကျောက်ခဲထူထပ်သည်၊ မတ်စောက်သည်၊ အထီးကျန်ဆန်လှသည်။ လမ်း၏ဘေးနှစ်ဖက်တွင် မြင့်မားသော ကျောက်တုံးကျောက်ဆောင်များရှိနေပြီး လူသူကင်းမဲ့သောတောင်ကုန်းများပေါ်မှနေ၍ ခရီးသွားများကိုလုယက်ဖို့ချောင်းမြောင်း နေတတ်သော ဓါးပြများအတွက်အကာအကွယ်ကောင်းပေးနေသည်။ မတ်စောက်သောအဆင်းလမ်းမှ တတောင်ဆစ်ချိုးအကွေ့အကောက်များကလည်း ခရီးသွားများကို သူတို့ရှေ့ပေအနည်းငယ်အကွာသို့သာမြင်တွေ့နိုင်စွမ်းရှိအောင်တားဆီးနေသည်။ ဤသို့သောအခြေအနေများကြောင့်လဲ ဂျေရုဆလင်မြို့မှ ဂျယ်ရီကိုမြို့သို့သော်၎င်း၊ သန့်ရှင်းသောမြို့တော်သို့အပြန်ခရီးကိုသော်၎င်း၊ တဦးတည်းသွားနေသောခရီးသည်များကို ကြမ်းတမ်းသော၊ဥပဒေမဲ့သော၊ ဓါးပြများက လုယက်တိုက်ခိုက်ခြင်းသည် ဖြစ်ရိုးဖြစ်စဉ်ကိစ္စဖြစ်နေ၏။ ဤသို့အန္တရာယ်ရှိနေသောကြောင့် ခရီးသည်များသည် ဖြစ်နိုင်လျှင် အများနှင့်စုပေါင်း၍သာ သွားလာလေ့ရှိကြသည်။

ဤအမည်မသိလူသည် တယောက်တည်းခရီးသွားရင်းနှင့် ဓါးပြအတိုက်ခံရကာ သူ့ထံမှရှိသမျှအားလုံး၊ အဝတ်အစားပါမကျန်ချွတ်ယူသွားခြင်းခံလိုက်ရသည်။ သူကပြန်လည်ခုခံသောအခါ ဓါးပြများက သူ့ကိုပြင်းထန်စွာရိုက်နှက်ထားခဲ့သဖြင့် သူသည်အချိန်မှီကူညီမည့်သူမတွေ့ပါက မကြာမီသေဆုံးတော့မည့်အခြေအနေသို့ရောက်နေသည်။ ဓါးပြများသည် တောင်ကုန်းနောက်ဖက်ရှိလိုဏ်ဂူများထဲသို့ ဝင်ရောက်သွားကြပြီး ဝေစုခွဲလျက်၊ နောက်တကြိမ်လု ယက်ဖို့အစီအစဉ်ချလျက် ရှိနေကြသည်။

တိုက်ဆိုင်စွာပင် ယဇ်ပုရောဟိတ်တဦးသည်၎င်း၊ သူ့နောက်မရှေးမနှောင်းတွင် လေဝိအမျိုးတဦးသည်၎င်း၊ ဤလမ်းအတိုင်း ခရီးထွက်လာကြ၏။ ဂျေရုဆလင်ဗိမာန်တော်တွင် ဘုရားသခင်အားဝတ်ပြုကိုးကွယ်ခြင်းအမှုပြုပြီး၍ ပြန်လာကြခြင်းလား၊ သို့မဟုတ်လျှင် သူတို့အလုပ်တာဝန်ထမ်းဆောင်ရန် ဂျေရုဆလင်မြို့သို့ သွားနေကြခြင်းလား၊ ဘာဘဲဖြစ်ဖြစ် ထူးခြားခြင်းမရှိပါ။ ဂျယ်ရီကိုမြို့တွင် ယဇ်ပုရောဟိတ်များနှင့်လေဝိအမျိုးများ အများအပြားနေထိုင်သောရပ်ကွက်တခုရှိကြောင်း ကျွန်တော်တို့သိထားသောကြောင့် ဤအထီးကျန်လမ်းတလျှောက်တွင် ထိုသူတို့သွားလာနေခြင်းမှာ အံ့သြစရာတော့မဟုတ်ပါ။

သို့သော် ထိုသူများသည် ဗိမာန်တော်အတွင်းတွင် ဘုရားသခင်၏ပညတ်တရားတော်များအတိုင်းလိုက်နာလုပ်ဆောင်ရင်း အလုပ်များနေသူများဖြစ်ကြကြောင်းကိုအဓိကထား၍ ပြောပြလိုခြင်းလဲဖြစ်နိုင်ပေသည်။ ဤအလုပ်သည် သူတို့ဘဝရည်ရွယ်ချက်နှင့် ဘုရားပေးတာဝန်ပင်ဖြစ်၏။ ဤအလုပ်သည် လေဝိအမျိုးသားဖြစ်သူများနှင့် ယဇ်ပုရောဟိတ်ဖြစ်သူများ၏ ထူးမြတ်သောအခွင့်အရေးပင်ဖြစ်၏။ ထို့မျှမကဘဲ၊ သနားဂရုဏာထားရှိရန်သည် ယဇ်ပုရောဟိတ်ဖြစ်ခြင်း၏ တာဝန်ဝတ္တရားဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်က သူ့လူတို့အပေါ်ထားရှိသော သနားဂရုဏာတော်ကို ထင်ရှားပြသစေဖို့ရည်ရွယ်၍ ယဇ်ပုရောဟိတ်တို့ကိုခန့်အပ်ထားသောကြောင့်ဖြစ်၏။ ဗိမာန်တော်အတွင်း၌ပညတ်တော်အတိုင်းယဇ်ပူဇော်ကြသောအခါတွင် အပြစ်တရားအတွက်ပူဇော်သက္ကာကို(နောင်တချိန်တွင် ဘုရားသခင်ကိုယ်တိုင်က ယူဆောင်လာမည့်အတိုင်း) ယဇ်ပုရောဟိတ်ကယူဆောင်လာရသည်။ သူတို့၏ (ပညတ်တော်အတိုင်း)အမှုတော်ဆောင်ခြင်းအားဖြင့် ဘုရားသခင်၏သနားဂရုဏာတော်ကို ပြည်သူတို့အား သင်ကြားပေးကြသည်။ အနိမ့်ဆုံးအားဖြင့် ဤအရာသည် သူတို့လုပ်ရမည့်တာဝန်ဖြစ်သည်။ ပြဿနာဖြစ်ရသည်မှာ သူတို့ သည် အပြင်ပန်းအားဖြင့် ပညတ်တော်အား အမှုတော်ဆောင်နေကြသော်လည်း အတွင်းစိတ်အားဖြင့် ပညတ်တော် အား မုန်းတီးနေကြပြီး ပညတ်တော်၏ချစ်ခြင်းမေတ္တာဆိုင်ရာထာဝရဉပဒေသကို လုံးဝဂရုမစိုက်ဘဲ နေကြခြင်း ဖြစ် သည်။

ဤသို့ချစ်ခြင်းမေတ္တာမရှိခြင်းသည် ဂျယ်ရီကိုလမ်းမပေါ်တွင်ဘွင်းဘွင်းကြီးပေါ်လာတော့သည်။ သွေးသံရဲရဲနှင့် ဒဏ်ရာပြင်းထန်စွာရရှိထား၍လဲကျနေသောသူအနားသို့ သူတို့အသီးသီးရောက်သွားကြချိန်မှာ ဘာမှမထူးခြားသလို ခေတ္တမျှသာစောင်းငဲ့ကြည့်လိုက်ပြီး လမ်းတဖက်ခြမ်းမှရှောင်ကွင်း၍ခရီးဆက်သွားကြတော့သည်။ သူတို့၏အပြုအမူအတွက် အကြောင်းပြချက်ကောင်းများ သူတို့အသီးသီး၌ရှိနေကြမည့်အကြောင်းသံသယဖြစ်စရာမလိုပါ။

သူတို့၏ခရီးစဉ်ကိုဆက်သွားနေကြရင်းနှင့် ဤအကြောင်းပြချက်များက သူတို့အတွေးထဲမှာအလိုအလျောက်ပေါ်ထွက်လာလိမ့်မည် မုချမလွဲပင်။ ထိုလူအားသူတို့တွေ့ရချိန်တွင် ကယ်ဆယ်ဖို့အချိန်လွန်နေပြီ။ သူတို့ဘာဘဲလုပ်ပေးလုပ်ပေး ထိုသူကိုကယ်နိုင်တော့မည်မဟုတ်။ အဘယ့်ကြောင့်ဆိုသော် ထိုသူသည် သေလုနီးနီးအခြေရောက်နေကြောင်းထင်ရှားနေသောကြောင့်ဖြစ်သည်။ ထို့မျှမကသေး၊ အကယ်၍ သူတို့သည်ဗိမာန်တော်သို့သွားနေကြခြင်းဖြစ်လျှင် ဤကိစ္စကြောင့် ထုံးတမ်းစဉ်လာအရမသန့်ရှင်းသူဖြစ်သွားနိုင်ချေရှိနေပြန်သည်။ ထိုသူသည် သူတို့၏ညီအကို (ဂျူးလူမျိုး)တဦးဖြစ်နိုင်သည်၊ သို့သော် မည်သူကအသေအချာသိနိုင်မည်နည်း? နောက်ဆုံးတွင်၊ အကယ်၍ထိုသူ

သာ တပါးအမျိုးသားဖြစ်နေခဲ့လျှင် ထိုသူကိုထိကိုင်မိသောကြောင့် မသန့်ရှင်းသူဖြစ်သွားကြမည်ဖြစ်ပြီး ဗိမာန်တော်တွင်အမှုတော်ဆောင်ရမည့်အခွင့်ထူးကြီးကို အလကားဖြစ်သွားစေသောကြောင့် ဘုရားသခင်၏အမျက်တော်ကို နှိုးဆော်ရာရောက်သွားနိုင်သည်မဟုတ်လော? ဓါးပြများသည်လဲ လမ်းမပေါ်တွင် သူတို့နောက်ပိုင်းမမြင်ကွယ်ရာမှ လှုပ်ရှားနေဆဲဖြစ်နိုင်သည်။ ဓါးပြများသည် အချိန်မရွေးသူတို့အပေါ် ခုန်အုပ်လာကြပြီး လုယက်တိုက်ခိုက်နိုင်ခြေရှိနေသည်။ ထို ကျိန်စာသင့်နေသောဓါးပြများ၌ယဇ်ပုရောဟိတ်သောဘာသော ရှိုသေလေးစားစိတ်ရှိကြသည်မဟုတ်။ လူတဦး၏ အသက်တချောင်းကို ဤကဲ့သို့အန္တရာယ်ကျရောက်စေခြင်းသည် ဘုရားသခင်အားစုံစမ်းစစ်ဆေးရာရောက်နေသည်။ ထို့အတူ ဤသူကိုပြုစုကုသဖို့အရေး အချိန်မည်မျှကြာနိုင်ကြောင်းမည်သူပြောနိုင်သနည်း? နောက်ဆုံးတော့လည်း ဘုရင်ကြီး၏အမှုတော်မြတ်က အလျှင်အမြန်လုပ်ဖို့တောင်းဆိုနေပြန်သည်။ ဗိမာန်တော်သို့ နောက်ကျမှရောက်ရှိသွားခြင်းအတွက် ဘယ်တော့မှအပြစ်ခွင့်လွှတ်ခြင်းမရှိပါ။ စသဖြင့်...စသဖြင့်...အကြောင်းပြချက် များကသူတို့စိတ်ထဲသို့ တန်းစီဝင်ရောက်လာခဲ့သည်။

သို့သော် ရှမာရိလူ(တပါးအမျိုးသား)တဦးသည်လဲ ဤလမ်းအတိုင်းလျှောက်လှမ်းလာနေသည်။ သခင်ယေရှုက ဤကဲ့သို့တပါးအမျိုးသားတဦးကို ပုံဥပမာထဲထည့်သွင်းလိုက်သည့်အတွက် နားထောင်နေသူများအထိတ်တလန့်ဖြစ်သွားကြမှာသေချာသည်။ ယခုကျွန်တော်တို့ကဲ့သို့ အဖြစ်အပျက်တခုလုံးကို နောက်ကြောင်းပြန်၍လေ့လာကြသူများအနေနှင့် ဂျူးအမျိုးနှင့် ရှမာရိအမျိုးတို့အကြားပေါ်ပေါက်နေသော ခါးသည်းစွာမုန်းတီးခြင်းကို နားလည်ဖို့ရန်မလွယ်ကူပါ။ ရှုံးသွပ်ခြင်းနှင့်နယ်နိမိတ်ခြင်းဆက်နေသော အပြန်အလှန်အသေအလဲမုန်းတီးခြင်းမျိုးပင်ဖြစ်သည်။ ဂျူးတို့က သူတို့၏တရားဇရပ်များတွင် ရှမာရိတို့ကို ကျိန်ဆဲကြသည်၊ ရှင်ပြန်ထမြောက်ခြင်းအချိန်ကာလတွင် ရှမာရိတို့မပါဝင်စေဖို့ရန်နှင့် ကောင်းကင်ဘုံတွင် ရှမာရိတို့အတွက်နေရာမရှိစေရန် ဆုတောင်းကြသည်၊ ရှမာရိတယောက်သေလျှင် ဝမ်းသာအားရဖြစ်ကြသည်။ ဂျူးတို့၏နိုင်ငံအတွင်းသို့ လူမျိုးဘာသာကူးပြောင်းလာခွင့်ငြင်းပယ်ကြသည်။ ဂျူးနိုင်ငံအတွင်းခရီးသွားလာခွင့်ငြင်းပယ်ကြသည်။ ရှမာရိအမျိုးများကလဲ တန်ပြန်ဗိမာန်တော်၊ ယဇ်ပုရောဟိတ်၊ ဝတ်ပြုရန်နည်းလမ်းများထူထောင်ကြသည်။ ဂျေရုဆလင်ဗိမာန်တော်ကို ညစ်ညူးသွားစေရန်အတွက် လူအရိုးများကိုသွား၍ကြဲဖြန့်ကြသည်။ တခါတရံတွင် ဂျူးလူမျိုးခရီးသွားများကိုသတ်ဖြတ်ကြသည်အထိဖြစ်သည်။

သို့သော် ဤရှမာရိအမျိုးကတော့ သူများနှင့်မတူထူးခြားသည်။ ဂျယ်ရီကိုလမ်းတလျှောက်ခရီးနှင်နေရင်းနှင့် ဤအရိုက်အနှက်ခံ၊ ဒဏ်ရာဒဏ်ချက်အပြည့်နှင့် သေအံ့ဆဲဆဲသနားစရာခရီးသည်ကိုတွေ့လိုက်ရသောအခါ သူ့စိတ်ထဲတွင် ကိုယ်ချင်းစာနာစိတ်နှင့်ဖုံးလွှမ်းသွားသည်။ သူကိုယ်တိုင်ကြုံတွေ့နိုင်သည့်ဘေးအန္တရာယ်ကိုသော်၎င်း၊ သူ့လုပ်ငန်းနှောင့်နှေးကြန့်ကြာမည့်အရေးကိုသော်၎င်း၊ လုံးဝမစဉ်းစားတော့ဘဲ ထိုဒုက္ခသည်၏အနားမှာဒူးထောက်ထိုင်ကာပြုစုပေးတော့သည်။ ထိုသူ၏သွေးသံရဲရဲဒဏ်ရာများကို ဝိုင်နှင့်ဆေးကြောပေးခြင်း၊ ဆီနှင့်လူးပေးခြင်း ပြုလုပ်ပြီးနောက် သူ၏ကိုယ်ပိုင်အဝတ်အစားများဖြင့် ပတ်တီးစည်းပေးလိုက်သည်။ ထို့နောက် ထိုသူကို သူ၏မြည်းပေါ်သို့တင်ဆောင်ကာ ပို၍ကောင်းမွန်စွာပြုစုကုသပေးနိုင်မည့် တည်းခိုဆောင်ရှိသည့် အနီးဆုံးရွာသို့ခေါ်ဆောင်သွားတော့သည်။

သို့သော် ဤသို့အရေးတကြီးလိုအပ်သမျှကိုချက်ချင်းပြုစုကုသပေးပြီးဖြစ်သော်လည်း ရှမာရိလူ၏စိတ်ထဲတွင်လုံလောက်သည်ဟုမထင်မှတ်သေးကြောင်းတွေ့ရ၏။ အဘယ့်ကြောင့်ဆိုသော် ရှမာရိလူ၏လုပ်ငန်းက အလျှင်အမြန်လုပ်ဆောင်ဖို့ရန်တောင်းဆိုနေသော်လည်း ထိုညတညလုံးတည်းခိုခန်းတွင်ဆက်နေ၍ ထိုသူကို ဆက်လက်ပြုစုပေးနေခဲ့သောကြောင့်ဖြစ်သည်။ နောက်တနေ့မနက်ရောက်မှသာ ရှမာရိလူခရီးထွက်ခွာသွားကြောင်းတွေ့ရ၏။ သို့သော်သူထွက်ခွာမသွားခင်မှာ တည်းခိုဆောင်ပိုင်ရှင်ကို နောက်တကြိမ်သူပြန်မလာမချင်း လူနာလိုအပ်သမျှအားလုံးပြုစုလုပ်ဆောင်ပေးဖို့ရန် သေချာစွာမှာကြားထားခဲ့၏။ ကျသင့်သမျှစရိတ်စကများကိုလဲ ရှမာရိလူက တာဝန်ယူ စိုက်ထုတ်ပေးမည်ဖြစ်ကြောင်း တွေ့ရ၏။

ဤသူတို့အကြား မတူညီမှုများသည် စိတ်ထိခိုက်စရာကောင်းအောင်ထင်ရှားလှ၏။ ယဇ်ပုရောဟိတ်မင်းနှင့်လေဝိအမျိုးသားတို့သည် သူတို့ကိုယ်သူတို့နှင့်သူတို့၏အပြုအမူတို့ကို မှန်ကန်ကြောင်းသက်သေထူနေရင်းနှင့် ဆိုးညစ်ကြောင်းသက်သေထူမိရက်သားဖြစ်သွားကြ၏။ သူတို့ထံတွင် သူတို့၏အိမ်နီးချင်းကိုချစ်သောမေတ္တာမရှိပါ၊ ထိုမျှမက သူတို့၏ညီအကိုအရင်းအချာအပေါ်တွင်ပင်မေတ္တာမရှိပါ။ ထို့ကြောင့် သူတို့သည် ဘုရားသခင်အားချစ်ခြင်းမေတ္တာမရှိနိုင်ပါ၊ ထာဝရအသက်ကိုလည်းအမွေမဆက်ခံနိုင်ပါ။ သူတို့သည် သူတို့ကိုယ်ကိုယ်သာချစ်မြတ်နိုးကြ၍ ထိုချစ်ခြင်းအပေါ်တွင်သာ သူတို့အသက်တာကို ပုံအပ်ထားကြ၏။

ထိုသူတို့နှင့်မတူဘဲ ရှမာရိလူသည် (သဘာဝရှုထောင့်အားဖြင့်) သူ၏အခါးသည်းဆုံးသောရန်သူလူမျိုးဖြစ်သူကိုတွေ့လိုက်ရသည်။ သို့သော်လဲ သူ၏နှလုံးသားထဲတွင် ယဇ်ပုရောဟိတ်မင်းနှင့်လေဝိအမျိုးသားတို့ထံ၌ မရှိသော

အရာ(ဘုရားသခင်အားချစ်ခြင်းနှင့် သူ၏အိမ်နီးချင်းအားချစ်ခြင်း) မေတ္တာနှင့်ပြည့်ဝနေ၏။ ဤချစ်ခြင်းမေတ္တာအားဖြင့်ပင် ပညတ်တော်၏တောင်းဆိုချက်ကို သူကပြည့်စုံစေလိုက်၏။

အကယ်၍ လူတဦးသည် ပညတ်တရားတော်ကို၎င်း၊ မိမိအိမ်နီးချင်းကိုချစ်မြတ်နိုးရန်ခိုင်းစေချက်ကို၎င်း၊ အလေးအနက်ထားခဲ့ပါလျှင်၊ (မည်သူသည်ကျွန်တော့်အိမ်နီးချင်းဖြစ်သနည်း?)–ဟူသောမေးခွန်း၏အဖြေကိုသိထားရမည်။ ဤမေးခွန်းအတွက် သခင်ယေရှု၏အဖြေမှာ–(ဘဝခရီးလမ်းတလျှောက် သင်သွားရာလမ်းပေါ်တွင် ကြုံတွေ့ရသော သင်၏အကူအညီလိုအပ်နေသောသူပင်ဖြစ်သည်)–ဟူ၍ဖြစ်၏။ ထိုသူသည် သမုဒ္ဒရာတဖက်ကမ်းမှအဝေးတော ကြုံနေရသူတဦးဖြစ်ရမည်ဟုမဆိုလိုပါ။ ထိုသို့သောသူ၏ဆာလောင်မွတ်သိပ်စွာအော်ဟစ်သံကို ငြိမ်းစေဖို့အတွက် ဆန်တခွဲခန့်လှမ်းပို့ကူညီလိုက်ရန် အတော်အသင့်လွယ် ကူလှပါမည်။ ထို့အတူ သင်နှင့်အတူဘဝခရီးကိုအတူလျှောက်လှမ်းနေသော အချစ်ဆုံးသူငယ်ချင်း၊ ဘေးအိမ်မှသူငယ်ချင်း၊–သည်သာ အိမ်နီးချင်းဖြစ်ရမည်ဟုလဲ မဆိုလိုပါ။ ထိုသို့သောသူကို ချစ်မြတ်နိုးဖို့ရန်အခက်အခဲရှိမည်မဟုတ်ပါ။ သင်၏အိမ်နီးချင်းဆိုသည်မှာ သင်၏ဘဝခရီးလမ်းပေါ်မှ သင့်ရှေ့မှောက်တွင်လဲကျနေသောသူကိုဆိုလိုသည်။ ထိုသို့သောသူကိုရှောင်ကွင်းသွားနိုင်ဖို့ သင်၏လမ်းကြောင်းကို ပြောင်းပစ်ဖို့လိုကောင်းလိုလိမ့်မည်။ သို့သော် သူသည်သင့်အကူအညီကိုလိုအပ်နေသည်။ သူသင်သင့်အိမ်နီးချင်းပင် ဖြစ်သည်။

ကျမ်းတတ်ဆရာ၏မေးခွန်းသည် အတော်အသင့်ပညာတတ်ဆန်၏။ (ကျွန်တော့်အိမ်နီးချင်းမည်သူနည်း?)–ဟူသောမေးခွန်းထက် ပို၍အရေးပါ၊ ပို၍အခြေခံကျသောမေးခွန်းတခုရှိနေ၏။ သခင်ယေရှုက အားလုံးကိုလှည့်ပတ်ကြည့်လိုက်ပြီး –"သင်မည်သို့ထင်သနည်း။ ဤသူသုံးဦးထဲမှ မည်သူသည် ဓါးပြလက်ထဲကျရောက်ခဲ့သူ၏အိမ်နီးချင်းဖြစ် သွားသနည်း?"–ဟု မေးခွန်းထုတ်လိုက်သည်။ (ကျွန်တော့်အိမ်နီးချင်းမည်သူနည်း?) မဟုတ်ဘဲ (မည်သူနှင့်ကျွန်တော် အိမ်နီးချင်းဖြစ်နေသနည်း?) ဟုမေးရမည်။ (ကျွန်တော့်အိမ်နီးချင်းကို ဘယ်မှာရှာတွေ့နိုင်မည်နည်း?) မဟုတ်ဘဲ (မည်သူ့ကို ကျွန်တော်အိမ်နီးချင်းအဖြစ်သဘောထားရမည်နည်း?) ဟုမေးရမည်။ အရေးအကြီးဆုံးမေးခွန်းမှာ–(ကျွန်တော် အိမ်နီးချင်းပီသအောင်ရှင်သန်ပါသလား? အိမ်နီးချင်းကိုအမြဲတမ်းချစ်ရမည့်ချစ်ခြင်းမျိုးနှင့် ကျွန်တော်ချစ်ရဲ့လား?)–ဟူ၍ဖြစ်သည်။ သခင်ယေရှု၏ထိုးဖောက်နိုင်စွမ်းရှိသောမေးခွန်း၏ နာကျင်စေသော၊စွပ်စွဲနေသောအချက်မှာ အကယ်၍အထက်ပါအတိုင်းကျွန်တော်တို့မေးမြန်းခဲ့လျှင် (ကျွန်တော့်အိမ်နီးချင်းမည်သူနည်း?)–ဟူသောမေးခွန်းကို ဆက်မေးစရာမလိုတော့ခြင်းဖြစ်၏။ ဤမေးခွန်းအတွက်အဖြေသည် အလိုလိုဖြေပေးပြီးသားဖြစ်သွား၏။ ဤမေးခွန်းသည်မေးဖို့မဆီလျော်တော့သောအရာဖြစ်သွား၏။ ဤမေးခွန်း၏သဘောသဘာဝကြောင့်ပင်လျှင် အဖြေပေးရန်မလိုတော့သောအရာဖြစ်သွား၏။ ထို့မှတပါး အကယ်၍ (ကျွန်တော့်အိမ်နီးချင်းမည်သူနည်း?) ဟုမေးခွန်းထုတ်ရင်းနှင့် သင်၏ဘဝခရီးကိုလျှောက်လှမ်းနေခဲ့လျှင် သင်ဘယ်တော့မှတွေ့နိုင်လိမ့်မည်မဟုတ်။ ဤအချက်သည် ထူးဆန်းနေသော်လည်း သခင်ယေရှု၏ (စွပ်စွဲသော၊ မှားသယောင်နှင့်မှန်နေသော) နှုတ်ထွက်စကားပင်ဖြစ်၏။

ကျမ်းတတ်ဆရာ၏မေးခွန်း (ကျွန်တော့်အိမ်နီးချင်းမည်သူနည်း?) နှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခြင်းများသော်၎င်း၊ ကွဲပြားသောရှုထောင့်များ၏ အားသာချက်၊ အားနည်းချက်များကို ဆင်ခြင်သုံးသပ်ခြင်းသော် ၎င်း၊ ကျွန်တော်တို့ စိတ်ဝင်စားစရာကောင်းစွာ လုပ်ဆောင်နိုင်ကြလိမ့်မည်ဖြစ်သည်။ သို့သော် သခင်ယေရှု၏မေး ခွန်းနှင့်ကျွန်တော်တို့ရင်ဆိုင်လိုက်ရသောအခါ ကျွန်တော်တို့တယောက်စီ၏ရှေ့တွင်မားမားကြီးရပ်တည်နေသော (သင့်အိမ်နီးချင်းကို သင်ချစ်သလား?)–ဟူသည့် ပညတ်တော်၏ပြင်းပြစွာတောင်းဆိုချက်ကြီးနှင့် ထိပ်တိုက်ရင်ဆိုင်ကြရတော့သည်။

(The Mysteries of the Kingdom, Rev. Herman Hanko ၏စာအုပ်ထဲမှ ဘာသာပြန်ပါသည်။)

=====================================================

ဟေဗြဲ ၁၁း၁၇–၂၇ (ကျိန်းဘုရင်မှု)

၁၇ – အာဗြဟံသည် စမ်းသပ်ခြင်းကိုခံရသောအခါ၊ ယုံကြည်ခြင်းဖြင့် အိုင်းဇက်ကို ပူဇော်ပါသည်၊ ကတိတော်များကို လက်ခံရသူသည် မိမိ၏တဦးတည်းမွေးထားသောသားကို ပူဇော်ခဲ့ခြင်းဖြစ်သည်။

၁၈ – ထိုသားနှင့်ပတ်သက်၍ အိုင်းဇက်ထံ၌သာ သင်၏အမျိုးအနွယ်တည်မည်ဟု ပြောထားခဲ့ပါသည်။

၁၉ – ဘုရားသခင်က သူ့ကို သေခြင်းမှပင် ပြန်ထမြောက်စေနိုင်သည်ဟု ယုံကြည်လျှက် ပူဇော်ခဲ့ခြင်းဖြစ်သည်၊ ထိုအဖြစ်မှနေ၍ သူသည် အိုင်းဇက်ကို ပုံဆောင်ချက်ဖြင့် ရရှိခဲ့ပါသည်။

၂၀ – ယုံကြည်ခြင်းအားဖြင့် အိုင်းဇက်သည် ယာကုပ်နှင့်ဧသောတို့ကို နောက်လာမည့်အရာများနှင့်ပတ်သက်၍ ကောင်းချီးပေးခဲ့ပါသည်။
၂၁ – ယုံကြည်ခြင်းဖြင့် ယာကုပ်သည် သူသေခါနီးတွင် ယောသပ်၏သားများကို ကောင်းချီးပေးခဲ့သည်၊ သူ၏တောင်ဝှေးပေါ်တွင် မှီလျှက် ဝတ်ပြုခဲ့ပါသည်။
၂၂ – ယုံကြည်ခြင်းဖြင့် ယောသပ်သည်၊ သူသေသောအခါ၊ အစ္စရေးသားသမီးတို့၏ထွက်ခွာခြင်းအကြောင်းကိုဖော်ပြ ပြောဆိုခဲ့သည်၊ ထို့နောက် သူ၏အရိုးများနှင့်ပတ်သက်၍ အမိန့်ပေးခဲ့ပါသည်။
၂၃ – ယုံကြည်ခြင်းဖြင့် မောရှေ၏မိဘများသည် သူမွေးဖွားသောအခါ၊ သုံးလတိတိ ဝှက်ထားပါသည်၊ အဘယ် ကြောင့်ဆိုသော် သူသည် အဆင်းလှသောကလေးဖြစ်သည်ဟု မိဘတို့က သိမြင်သောကြောင့်ဖြစ်သည်၊ သူတို့သည် ဘုရင့်အမိန့်ကို မကြောက်ရွံ့ကြပါ။
၂၄ – ယုံကြည်ခြင်းဖြင့် မောရှေသည် အရွယ်ရောက်လာသောအခါ၊ ဖာရောဘုရင့်သမီး၏သားဟု အခေါ်ခံရခြင်း ကို ငြင်းပယ်ပါသည်။
၂၅ – ထိုမှဆန့်ကျင်စွာ အပြစ်၏အလိုရမက်များကို ခေတ္တခံစားရခြင်းထက်၊ ဘုရားသခင့်လူတို့နှင့်အတူ ဒုက္ခခံစား ခြင်းကို ရွေးချယ်ခဲ့သည်၊
၂၆ – အီဂျစ်ပြည်ကြီး၏ကြွယ်ဝချမ်းသာခြင်းများထက် ခရစ်တော်ကြောင့် စော်ကားအနှိမ်ခံရခြင်းကို ပို၍ကြီးမား သောချမ်းသာခြင်းအဖြစ် တန်ဖိုးထားခဲ့ပါသည်။
၂၇ – ယုံကြည်ခြင်းဖြင့် သူသည် အီဂျစ်ပြည်ကို စွန့်ခွာခဲ့သည်၊ ဘုရင်၏အမျက်ဒေါသကို မကြောက်ခဲ့ပါ၊ မမြင်ရ သောသူကို မြင်နေသကဲ့သို့ သူသည် အားလုံးကို တည်ငြိမ်စွာခံယူခဲ့သည်။